# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၅) ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်


**မာတိကာစဉ်**


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြခဲ့သော ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအကြောင်း သိကောင်းစရာ။ | ၂-၄ |
| ၂။ | ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ၊ ကင်းလွတ်ခွင့်ရသူများနှင့်စပ်လျဉ်းသည့်သတင်းစဉ်။ | ၅-၆ |
| ၃။ | မသန်စွမ်းသူများ၏တရားမျှတမှုရရှိပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာ။ | ၇-၉ |
| ၄။ | ဒစ်ဂျစ်တယ်ဝန်ဆောင်မှုအက်ဥပဒေတွင် စံသတ်မှတ်ချက် (Code of Conduct) ကို ထည့်သွင်းရန် ဥရောပသမဂ္ဂမှခွင့်ပြုခြင်းအား လေ့လာတင်ပြခြင်း။ | ၁၀-၁၁ |
| ၅။ | အီးယူ (EU) နိုင်ငံတွင် နေထိုင်ခြင်းမရှိသူများ၏ အိမ်ရာပစ္စည်းဝယ်ယူမှု ကန့်သတ်ရန် စပိန်ဝန်ကြီးချုပ်၏အဆိုပြုချက်အား လေ့လာတင်ပြခြင်း။ | ၁၂-၁၃ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၅) ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြခဲ့သော ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအကြောင်း သိကောင်းစရာ

ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစ၍ အာဏာတည်စေရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၃၂ အရ ကာကွယ်ရေးဝန်ကြီးဌာနသည် ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ၂၃-၁-၂၀၂၅ ရက်နေ့က အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၅) ဖြင့်ထုတ်ပြန်ခဲ့ပါသည်။

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေတွင် အခန်း(၁၀)ခန်း၊ နည်းဥပဒေအပိုဒ်ပေါင်း (၅၉)ပိုဒ်၊ နောက်ဆက်တွဲပုံစံ(၁၂)ခုပါဝင်ပြီး အခန်း(၁)တွင် အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊အခန်း(၂)တွင် ပြည်သူ့စစ်မှုထမ်းရန် အသက်နှင့်ကာလတွက်ချက်ခြင်း၊ အခန်း(၃)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့အဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ၊အခန်း(၄)တွင် စာရင်းပြုစုခြင်းနှင့်မှတ်ပုံတင်ခြင်း၊ အခန်း(၅)တွင် ဆေးစစ်ခြင်းနှင့်စစ်မှုထမ်းခြင်းမှကင်းလွတ်ခွင့်ပြုရန်ဖြစ်စေ၊ စစ်မှုထမ်းရမည့်ကာလအပိုင်းအခြားကို လျှော့ပေါ့ပေးရန်ဖြစ်စေ၊ သီးခြားဖော်ပြထားသော ကာလအပိုင်းအခြားအထိ ရွှေ့ဆိုင်းရန်ဖြစ်စေ လျှောက်ထားခြင်း၊ အခန်း(၆)တွင် အမိန့်စာဆင့်ခေါ်ခြင်း၊အခန်း(၇)တွင် ဆေးစစ်ဆေးရေးဘုတ်အဖွဲ့များဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ၊ အခန်း(၈)တွင် ပြည်သူ့စစ်မှုထမ်းတို့၏ခံစားခွင့်များ၊ အခန်း(၉) တွင် စစ်စည်းရုံးခြင်းနှင့် အခန်း(၁၀)တွင် အထွေထွေတို့ဖြင့် ပြဋ္ဌာန်းထားသည်ကိုတွေ့ရှိရပါသည်။

စစ်မှုထမ်းရမည့်အသက်အရွယ်ကိုစိစစ်ရာ၌ အပြည်ပြည်ဆိုင်ရာပြက္ခဒိန်ဖြင့် စိစစ်ရမည် ဖြစ်ပြီး အမျိုးသားဖြစ်ပါက အသက် ၁၈ နှစ်ပြည့်မှ အသက် ၃၅ နှစ်မပြည့်သေးသောနိုင်ငံသားတိုင်း၊ ကျွမ်းကျင်သူအမျိုးသားဖြစ်ပါက အသက် ၁၈ နှစ်ပြည့်မှ အသက် ၄၅ နှစ်မပြည့်သေးသော နိုင်ငံသားတိုင်း၊ အမျိုးသမီးဖြစ်ပါက အသက် ၁၈ နှစ်ပြည့်မှ အသက် ၂၇ နှစ်မပြည့်သေးသော နိုင်ငံသားတိုင်း၊ ကျွမ်းကျင်သူအမျိုးသမီးဖြစ်ပါက အသက် ၁၈ နှစ်ပြည့်မှ အသက် ၃၅ နှစ်မပြည့်သေးသော နိုင်ငံသားတိုင်းဖြစ်သည်ကို တွေ့ရှိရပါသည်။

စစ်မှုထမ်းရမည့်အသက်အရွယ်ရောက်သူများစာရင်းကို ဒီဇင်ဘာလ ၃၁ရက်နေ့တွင် ကောက်ယူပြီး ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်တာဝန်ရှိသူများမှ သက်ဆိုင်ရာခရိုင်၊ တိုင်းဒေသကြီး၊ နေပြည်တော်နှင့်ဗဟိုအဖွဲ့သို့ နှစ်စဉ်စာရင်းပြုစုပေးပို့ရမည်ဖြစ်သည်ကို တွေ့ရှိရပါသည်။

မိသားစုတစ်စုအတွင်း၌ ပြည်သူ့စစ်မှုထမ်းရန် အကျုံးဝင်သူတစ်ဦးထက်ပိုပါက တစ်ဦးတာဝန်ထမ်းဆောင်ပြီးမှ ကျန်သူများကို အလှည့်ကျဆင့်ခေါ်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပြည်သူ့စစ်မှုထမ်းတစ်ဦးသည် စစ်မှုထမ်းဆောင်နေသည့်ကာလအတွင်း ထမ်းဆောင်သည့်အဆင့်အလိုက် စစ်မှုထမ်းစည်းမျဉ်းများနှင့်အညီ လစာနှင့်စရိတ်ကိုခံစားခွင့်ရှိပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ပါက နိုင်ငံ့ဝန်ထမ်းအဖြစ်ရရှိသောလစာနှင့် တပ်မတော်တွင်ရရှိမည့်လစာနှင့်စရိတ်အနက် နှစ်သက်ရာကိုခံစားခွင့်ရှိကြောင်း တွေ့ရှိရပါသည်။

ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် စစ်မှုထမ်းရန်သတ်မှတ်ကာလပြည့်သည်အထိ တာဝန်ထမ်းဆောင်ပြီးနောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက စစ်မှုထမ်းကာလမပြည့်မီ ၃လကြိုတင်၍ ပုံစံ(၁၁)ပြည်သူ့စစ်မှုထမ်းမှ အမြဲတမ်းစစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့်လျှောက်လွှာဖြင့် စစ်ရေးချုပ်ရုံးသို့ လျှောက်ထားနိုင်သည်ကို တွေ့ရှိရပါသည်။

ထို့အတူ နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် ပြည်သူ့စစ်မှုထမ်းအဖြစ် ဆက်လက်အမှုထမ်းဆောင်လိုပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်း၏သဘောတူညီချက်ဖြင့် လျှောက်ထားနိုင်ကြောင်းနှင့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခွင့်ရရှိပါက မူလတာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းလုပ်သက်ကို အမှုထမ်းသက်တွင် ထည့်သွင်းရေတွက်ခွင့်ရှိသည်ကို တွေ့ရှိရပါသည်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသည့်ကာလကို တာဝန်ချိန်အဖြစ်သတ်မှတ်ပေးထားပြီး ရာထူးတိုးမြှင့်ရေးအတွက် ရေးဖြေစာမေးပွဲဖြေဆိုရန်နှင့် လူတွေ့စစ်ဆေးရန်ရှိပါက ရေးဖြေစာမေးပွဲဖြေဆိုခြင်းနှင့် လူတွေ့စစ်ဆေးခြင်းကို ကင်းလွတ်ခွင့်ပြုပေးနိုင်ကြောင်း တွေ့ရှိရပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၅) ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်

အလုပ်သမားတစ်ဦးသည် ပြည်သူ့စစ်မှုထမ်းအဖြစ်တာဝန်ထမ်းဆောင်ရာတွင် အလုပ်ရှင်သည် အခကြေးငွေကို သတ်မှတ်ပြဋ္ဌာန်းထားသည့်ဥပဒေ၊နည်းဥပဒေ၊အမိန့်ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ပေးရမည်ဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းကာလပြည့်ပြီး နောက်တွင် မူလအလုပ်အကိုင်ကိုဖြစ်စေ၊ အလားတူအလုပ်အကိုင်တွင်ဖြစ်စေ ခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်ရမည်ကို တွေ့ရှိရပါသည်။

ပြည်သူ့စစ်မှုထမ်းတစ်ဦးသည် ဥပဒေအရ သတ်မှတ်ကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးပါက ပုံစံ(၁၂)ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ရရှိမည်ဖြစ်ပြီး နိုင်ငံတော်က ချီးမြှင့်သည့် ထိုက်သင့်သော ချီးမြှင့်မှုကိုလည်း ခံစားခွင့်ရှိမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတကာပြည်သူ့စစ်မှုထမ်းဥပဒေနှင့် မြန်မာနိုင်ငံ၏ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အကြောင်းအရာများကို အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်အတွက်အသိပညာပေးခြင်းများ၊ အခြေခံပညာကျောင်းများမှအစပြု၍ သင်ရိုးတမ်းညွှန်းတမ်းများတွင် ဘာသာရပ်အဖြစ်ထည့်သွင်း ပို့ချခြင်းများကို ဆောင်ရွက်နိုင်ရန် ကာကွယ်ရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူများ၊ ဥပဒေလေ့လာလိုသူများအနေဖြင့် ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၅)　　　　၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ၊ ကင်းလွတ်ခွင့်ရသူများနှင့်စပ်လျဉ်းသည့် သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၃ရက်နေ့တွင် ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၅) ဖြင့် ထုန်ပြန်လိုက်သည်။

အသက် ၁၈ နှစ်ပြည့်ပြီးသည့် စစ်မှုထမ်းရမည့်အသက်အရွယ်ရောက်သူကို မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့က နည်းဥပဒေ ၁၇ (က) အရ မှတ်ပုံတင်ရန်ဆင့်ခေါ်စာဖြင့် ဆင့်ခေါ်မည်ဖြစ်ပြီး ဆင့်ခေါ်ခြင်းခံရသူသည် ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅ (က) အရ ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည့် ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူ၊ နိုင်ငံ့ဝန်ထမ်း၊ ပညာသင်ကြားနေသူ၊ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူ၊ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူ၊ ထောင်ဒဏ်ကျခံနေသူဖြစ်လျှင် အကြောင်းပြချက်များကိုဖော်ပြ၍ သီးခြားဖော်ပြထားသော ကာလအပိုင်းအခြားအထိ ရွှေ့ဆိုင်းပေးရန် အထောက်အထားစာရွက်စာတမ်းများပူးတွဲလျက် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့သို့ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများပါ ပုံစံ(၇-ဂ) ဖြင့် လျှောက်ထားနိုင်ကြောင်း နှင့် ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၂၂ အရ ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှကင်းလွတ်ခွင့်ရရှိသည့် သာသနာ့ဝန်ထမ်း၊ အိမ်ထောင်သည်အမျိုးသမီး(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူအမျိုးသမီးလည်း ပါဝင်သည်)၊ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူ၊ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန်အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူဖြစ်လျှင် အကြောင်းပြချက်များကို ဖော်ပြ၍ မိမိအား စစ်မှုထမ်းခြင်းမှကင်းလွတ်ခွင့်ပြုရန် အထောက်အထား စာရွက်စာတမ်းများပူးတွဲလျက်

မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့သို့ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများပါ ပုံစံ(၇-က)ဖြင့် လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : ကာကွယ်ရေးဝန်ကြီးဌာန

## မသန်စွမ်းသူများ၏တရားမျှတမှုရရှိပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာ

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း ( United Nations Convention on the Rights of Persons with Disabilities ) သည် အဖွဲ့ဝင်နိုင်ငံများအား မသန်စွမ်းသူများ လူ့အခွင့်အရေးရရှိခံစားစေရန်အတွက် မည်သို့လုပ်ဆောင်ရမည်ကို နားလည်သဘောပေါက်စေရန်ကူညီပေးနေသောအဖွဲ့အစည်းကြီးဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ၇-၁၂-၂၀၁၁ ရက်နေ့တွင် UNCRPD အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့ပါသည်။

UNCRPD – Articles နှင့် Asean disability forum တို့ပါဖော်ပြချက်တို့အရ UNCRPD သည် မသန်စွမ်းသူများအရေးနှင့်စပ်လျဉ်း၍ အပိုဒ်(၁၂)တွင် ဥပဒေအရ တန်းတူညီမျှအသိအမှတ်ပြုခြင်းကိုလည်းကောင်း၊ အပိုဒ်(၁၃)တွင် တရားမျှတမှုရရှိပိုင်ခွင့်ကိုလည်းကောင်း၊ အပိုဒ်(၁၄)တွင် လူပုဂ္ဂိုလ်၏ လွတ်လပ်ရေးနှင့်လုံခြုံရေးကိုလည်းကောင်း၊ အပိုဒ် (၁၅) တွင် ညှင်းပန်းနှိပ်စက်ခြင်း၊ လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းအောင်ပြုမူခြင်းတို့မှကင်းလွတ်စေခြင်း၊ အပိုဒ်(၁၆)တွင် ခေါင်းပုံဖြတ်ခြင်း၊ အကြမ်းဖက်ခြင်းနှင့်အလွဲသုံးခြင်းတို့မှကင်းလွတ်စေခြင်း၊ အပိုဒ်(၁၇)တွင် လူပုဂ္ဂိုလ်၏ဂုဏ်သိက္ခာကို အကာအကွယ်ပေးခြင်းစသည့် တရားမျှတမှုရရှိပိုင်ခွင့်နှင့်စပ်လျဉ်းသည့်အချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီး Asean disability forum 2015 ပါလေ့လာတွေ့ရှိချက်အရ မသန်စွမ်းသူဦးရေမှာ ဘရူနိုင်းနိုင်ငံတွင် ၄,၁၄၈ ဦး၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၂.၁ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ၈.၅၆ ရာခိုင်နှုန်း၊လာအိုနိုင်ငံတွင် ၆.၈ သန်း၊ မလေးရှားနိုင်ငံတွင် ၁.၃ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁.၅၇ ရာခိုင်နှုန်း၊ စင်္ကာပူနိုင်ငံတွင် ၃ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၃.၁ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၁၃ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံတွင်လည်း ၁၃ ရာခိုင်နှုန်းခန့်ရှိနေကြောင်း တွေ့ရှိရပါသည်။

ကမ္ဘာ့လူဦးရေ၏သန်းပေါင်း ၁၃၀၀ကျော်သည် မသန်စွမ်းသူများစာရင်းတွင်ပါဝင်နေပြီး ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးနိုင်ရန် အခြေခံမူများကို (၄၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက် အပိုဒ် (၄၇/၃) ဖြင့် အတည်ပြုချမှတ်ခဲ့ကာ နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ခဲ့၍ ၂၀၂၄ ခုနှစ်

ဆောင်ပုဒ်အဖြစ် “ အနာဂတ်မှာ အားလုံး ရေရှည်တည်တံ့ရေး၊ မသန်စွမ်းသူများခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး” “ Amplifying the Leadership of persons with disabilities for an inclusive and sustainable future” ဟူ၍ချမှတ်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကိုပြဋ္ဌာန်းခြင်း၊ ၂၀၁၇ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေး နည်းဥပဒေ ထုတ်ပြန်ပေးခဲ့ခြင်း၊ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ(၅)နှစ် စီမံကိန်း(၂၀၂၂-၂၀၂၇)ရေးဆွဲဆောင်ရွက်ခဲ့ခြင်း၊ကမ္ဘာလုံးဆိုင်ရာစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ ၂၀၃၀အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏အခန်းကဏ္ဍအတွက် ပူးပေါင်းပါဝင်ဆောင်ရွက် ခြင်း ၊ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်အား ဦးတည်ချက်(၅)ရပ်ချမှတ်ကျင်းပပြီး မသန်စွမ်း အားကစားနည်း(၄)မျိုးထည့်သွင်းကျင်းပခြင်း၊ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို (၃၁)ကြိမ်မြောက်အဖြစ် ကျင်းပခဲ့ပြီး မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီမှ မူဝါဒနှင့်လုပ်ငန်းစဉ်များချမှတ်ကာ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ (၉)ခုကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းကလေးသူငယ်များ၏အခြေခံပညာရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများတက်ရောက်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ မသန်စွမ်းသူများ အပေါ်ခွဲခြားမှုမရှိသော သင်ရိုးညွှန်းတမ်းနှင့်အလေ့အကျင့်များ ကျင့်သုံးခြင်း၊ လိုအပ်သောနည်းပညာ နှင့်သင်ထောက်ကူပစ္စည်းများပံ့ပိုးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းသူများ အတား အဆီးမဲ့ခရီးသွားလာနိုင်အောင်ဆောင်ရွက်ပေးခြင်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့်မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို စီမံကိန်းမြို့နယ်(၂၁)ခုတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး (၅၉၃၇)ဦးအား မသန်စွမ်းမှတ်ပုံတင်နိုင်ခဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်ပြီးဖြစ်ပါသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၁၂.၈ ရာခိုင်နှုန်းဖြစ်သည့် ၅.၉ သန်းသည် မသန်စွမ်းသူများဖြစ်ကြပြီး မသန်စွမ်းသူများအရေးဆောင်ရွက်ပေးရာတွင် မသန်စွမ်း သူများကိုယ်တိုင်နှင့် မသန်စွမ်းသူများအရေးဆောင်ရွက်ပေးနေသည့် အသင်းအဖွဲ့များ၏ ပူးပေါင်း

ဆောင်ရွက်မှုသည်အထူးလိုအပ်ကြောင်း၊ ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ မြန်မာနိုင်ငံအနေဖြင့်လည်း ဆောင်ရွက်လျက်ရှိနေကြောင်း လေ့လာသိရှိရပါသည်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် အစိုးရဌာန၊
အစိုးရအဖွဲ့အစည်းများအတွက် အမှုလိုက်ဌာနခွဲ၊
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် - https;//aseandisabilityforum.com
- Social.desa.un.org/issues/disability/crpd/convention-on-the-rights-of-persons.with-disabilities-articles
- မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၁/၂၀၂၄)

## ဒစ်ဂျစ်တယ်ဝန်ဆောင်မှုအက်ဥပဒေတွင် စံသတ်မှတ်ချက် (Code of Conduct) ကို ထည့်သွင်းရန် ဥရောပသမဂ္ဂမှခွင့်ပြုခြင်းအား လေ့လာတင်ပြခြင်း

ဥရောပသမဂ္ဂကော်မရှင်နှင့်ဥရောပဘုတ်အဖွဲ့တို့သည် အွန်လိုင်းသုံးစွဲသူများ လုံခြုံစိတ်ချမှု ရှိစေရေးအတွက် အာမခံချက်ပေးနိုင်ရန် အွန်လိုင်းတွင် ဥပဒေနှင့်မညီသော အမုန်းစကားများကို ဆန့်ကျင်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်(Code of Conduct)ကို ဒစ်ဂျစ်တယ်ဝန်ဆောင်မှုအက်ဥပဒေ တွင်ထည့်သွင်းရန်ခွင့်ပြုခဲ့ပါသည်။ ပြန်လည်ပြင်ဆင်ထားသောစံသတ်မှတ်ချက်သည် အရေးပါသော အွန်လိုင်းပလက်ဖောင်းများ၌ ဥရောပသမဂ္ဂဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အွန်လိုင်းမှထိခိုက်စေနိုင်သောအကြောင်းအရာများကို ဖယ်ရှားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

ပြန်လည်ပြင်ဆင်ထားသောစံသတ်မှတ်ချက်တွင် "ပြည်တွင်းမှအမုန်းစကားများကို အမျိုးအစား ခွဲခြား၍ ထိခိုက်မှုများကို နိုင်ငံအဆင့်တင်ပြခြင်း"ကဲ့သို့သော အရေးပါသောအကြံပြုချက်များ ပါဝင် ပါသည်။ network အားစောင့်ကြည့်လေ့လာပြီး အစီရင်ခံတင်ပြမည့်သူများထားရှိရန်လည်း ထပ်မံ အကြံပြုထားပါသည်။ သက်ဆိုင်သည့်အဖွဲ့အစည်းများက အမုန်းစကားသတိပေးချက်များကို မည်သို့ သုံးသပ်သည်ကို စောင့်ကြည့်မည့်သီးခြားရပ်တည်သည့် ဌာနအဖွဲ့အစည်းများရှိရပါမည်။ သက်ဆိုင်သူ များသည်စောင့်ကြည့်လေ့လာပြီး အစီရင်ခံတင်ပြမည့်သူများထံမှရရှိသော အမုန်းစကားသတိပေးချက် များကို ၂၄ နာရီအတွင်း အနည်းဆုံးသုံးပုံနှစ်ပုံ ပြန်လည် သုံးသပ်ရပါမည်။

ဒစ်ဂျစ်တယ်ဝန်ဆောင်မှုအက်ဥပဒေတွင် ထည့်သွင်းသည့်စံသတ်မှတ်ချက်သည် social media တွင် အသုံးပြုသူများ၏လုံခြုံရေးဆိုင်ရာအတွေးအမြင်များကို ပြောင်းလဲစေရန် ရည်ရွယ်ခြင်းဖြစ်ပါ သည်။ ကမ္ဘာတွင် social media အတွက် ချမှတ်မည့်အခြားဥပဒေမူဘောင်တွင် မရှိသောကြောင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုအက်ဥပဒေသည် ဒစ်ဂျစ်တယ်နယ်ပယ်ကိုကာကွယ်ရန်အတွက် အရေးကြီးဆုံး သောစည်းမျဉ်းဖြစ်သည်ကို ထည့်သွင်းစဉ်းစားရပါမည်။ ၎င်းသည် သုံးစွဲသူများ၏ဂုဏ်သိက္ခာကို လုံခြုံစေရန်အတွက် social media ကုမ္ပဏီများထံမှ အချက်အလက်များကို ထိန်းသိမ်းရန် သို့မဟုတ် တောင်းဆိုရန် ဆောင်ရွက်နိုင်ပါသည်။ အမုန်းစကားများလျှော့ချခြင်းအားဖြင့် ထိရောက်သော

စံသတ်မှတ်ချက်ကို နှိုင်းယှဉ်မည်ဆိုပါက ၂၀၁၆ ခုနှစ်တွင် အမုန်းပွားစေသောအကြောင်းအရာ ၂၈ ရာခိုင်နှုန်းကို ဖယ်ရှားနိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ၇၂ ရာခိုင်နှုန်းဖယ်ရှားနိုင်ခဲ့ကြောင်း ကော်မရှင်၏ အစီရင်ခံစာ၌ ဖော်ပြထားပါသည်။

စံသတ်မှတ်ချက်အသစ်ကို အကောင်အထည်ဖော်ခြင်းသည် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုအက်ဥပဒေ၏အပိုဒ် ၄၅ အရ အွန်လိုင်း tools များတိုးတက်မှုနှင့်အတူ အမျိုးအစားကွဲပြားပြီး ဥပဒေနှင့်မညီသော အကြောင်းအရာများနှင့်အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် စိန်ခေါ်မှုများကို တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပါသည်။

မူလစံသတ်မှတ်ချက်ကို ၂၀၁၆ ခုနှစ်တွင်ရေးဆွဲခဲ့ပြီး Facebook ၊ Microsoft၊ Twitter နှင့် YouTube တို့က လက်မှတ်ရေးထိုးခဲ့ပါသည်။ ယင်းစံသတ်မှတ်ချက်ကို ရေးဆွဲစဉ်ကတည်းက လူသိများသော social network အများစုက လက်မှတ်ရေးထိုးခဲ့ကြပါသည်။ အွန်လိုင်းပလက်ဖောင်းများသည် ၎င်းတို့၏ sites များပေါ်ရှိအန္တရာယ်ရှိပြီး ဥပဒေနှင့်မညီသောအကြောင်းအရာများ၏ အန္တရာယ်ကို လျော့ပါးသက်သာစေရန် ၎င်းတို့၏သဘောတူညီမှုများကို ဖော်ပြခြင်းဖြစ်သည်။

ကော်မရှင်၏နောက်ထပ်ခြေလှမ်းတစ်ခုမှာ စံသတ်မှတ်ချက်ပါရည်မှန်းချက်များ၏ အောင်မြင်မှုကို အကဲဖြတ်ရန်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် တည်ဆဲစည်းမျဉ်းများကိုလိုက်နာခြင်းဖြင့် online ပလက်ဖောင်းများအား စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာခြင်းအားဖြင့် အောင်မြင်မှုရလဒ်များ ထွက်ပေါ်လာမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်: https://www.jurist.org/news/2025/01/european-commission-welcomes-integration-of-revised-code-of-conduct-into-digital-services-act/

## အီးယူ (EU) နိုင်ငံတွင် နေထိုင်ခြင်းမရှိသူများ၏အိမ်ရာပစ္စည်းဝယ်ယူမှုကန့်သတ်ရန် စပိန်ဝန်ကြီးချုပ်၏အဆိုပြုချက်အား လေ့လာတင်ပြခြင်း

စပိန်ဝန်ကြီးချုပ် Pedro Sánchez သည် EU နိုင်ငံတွင် နေထိုင်ခြင်းမရှိသူများ၏အိမ်ရာပစ္စည်း ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ ပြင်းထန်သော ကန့်သတ်ချက်များချမှတ်ရန်အပါအဝင် အစိုးရပြုပြင် ပြောင်းလဲမှုများနှင့် မူဝါဒဆိုင်ရာအဆိုပြုချက်များကို ၁၉-၁-၂၀၂၄ ရက်နေ့တွင် ကြေညာခဲ့သည်။ အဆိုပါအဆိုပြုချက်များသည် ဥရောပတောင်ဘက်ခြမ်းရှိ စပိန်နိုင်ငံ၏အိမ်ရာအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

အထူးသဖြင့် ဥရောပနိုင်ငံသားမဟုတ်သူနှင့် ဥရောပတွင် နေထိုင်ခြင်းမရှိသူများ၏ စပိန်နိုင်ငံ အတွင်း အိမ်ခြံမြေဝယ်ယူမှုတွင် ဝယ်ယူသည့်ပစ္စည်းတန်ဖိုးနှင့်ညီမျှသော အခွန်အခချမှတ်ရန်နှင့် အခကြေးငွေများထပ်ဆောင်းပေးဆောင်စေခြင်းမှတစ်ဆင့် "ခရီးသွားတိုက်ခန်းများ" ကို ကြပ်မတ် ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

အဆိုပြုချက်များတွင် ၂၀၂၆ ခုနှစ်၌ နိုင်ငံအဆင့် လူနေအိမ်ရာမူဝါဒဖွံ့ဖြိုးတိုးတက်ရေးချမှတ် ဆောင်ရွက်မည့်အစီအစဉ်များပါဝင်ပြီး စည်းမျဉ်းစည်းကမ်းများနှင့် ဇုန်သတ်မှတ်ရေးမူဝါဒများ လျှော့ပေါ့ခြင်း၊ အိမ်ရာများ ပြန်လည်ပြင်ဆင်ခြင်းအတွက် အခွန်လျှော့ပေါ့သက်သာခွင့်ပြုခြင်းအပြင် အလွန်အမင်းလိုအပ်နေသောဒေသများအတွက် ငှားရမ်းခများလျှော့ချခြင်းတို့ပါဝင်ပါသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်း၏အပိုဒ် ၂၅ အရ လူတိုင်းသည် “မိမိနှင့် မိမိ မိသားစု၏ကျန်းမာရေးနှင့်သာယာဝပြောရေးတို့အတွက် လုံလောက်သောလူနေမှုအဆင့်အတန်း” ကို ခံစားခွင့်ရှိပြီး အထူးသဖြင့်လူနေမှုဘဝနှင့်သက်ဆိုင်သောမြို့ပြအိမ်ရာကို အထောက်အပံ့လိုအပ်ချက် တစ်ခုအဖြစ် ညွှန်းဆိုထားပါသည်။ ထို့ပြင် ဥရောပလူမှုရေးရာပဋိညာဉ်စာတမ်း၏ အပိုဒ် ၃၁ တွင် အိမ်ရာရရှိခွင့်ကိုအာမခံထားပြီး ယင်းအာမခံချက်ကို ဝင်ငွေနည်းပါးသော ဒေသသူဒေသသားများ အတွက် ငွေကြေးအရလက်လှမ်းမီနိုင်သည့်အိမ်ရာများကို အဖွဲ့ဝင်နိုင်ငံများက စီစဉ်ဆောင်ရွက်ပေးရ မည်ဟူသော အာမခံချက်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။

ယခုကိစ္စသည် စပိန်နိုင်ငံ၏စီးပွားရေးကို လွှမ်းမိုးနေသည့် အိမ်ရာအကျပ်အတည်းနှင့်အတူ အိုးမဲ့အိမ်မဲ့များမြင့်တက်လာချိန်၊ လူနေအိမ်ရာများသည်လည်း အီးယူနိုင်ငံများထက် နိမ့်ကျလျက်ရှိချိန်တွင် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး အဆိုပါအိမ်ရာအကျပ်အတည်းသည် ကာလတိုခရီးသွားငှားရမ်းမှု၊ အစိုးရ၏ အိမ်ရာငှားရမ်းမှုဆိုင်ရာတင်းကျပ်သော စည်းမျဉ်းစည်းကမ်းများနှင့် များစွာဆက်စပ်နေသဖြင့် ခရီးသွားလုပ်ငန်းနှင့်ကာလတိုငှားရမ်းမှုကဏ္ဍအပေါ် ဝေဖန်မှုများဖြစ်ပေါ်စေခဲ့ပါသည်။

အဆိုပြုမူဝါဒမထွက်လာမီ စပိန်နိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် စပိန်နိုင်ငံသားဖြစ်ခွင့်ကို ရယူနိုင်သည့် “Golden Visa” ကိုလည်း ပိတ်ပင်ခဲ့ပါသည်။ ယင်းပြည်ဝင်ခွင့်မူဝါဒသည် နေထိုင်သူမဟုတ်သူများ၏အိမ်ခြံမြေဈေးကစားခြင်းကို အားပေးခြင်းနှင့် စပိန်နိုင်ငံ၏အိမ်ရာထောက်ပံ့မှုကို ကန့်သတ်ခြင်းတို့ကြောင့် မကြာခဏ ဝေဖန်ခံရသည့်မူဝါဒဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2025/01/spain-pm-proposes-strong-restrictions-on-non-eu-residents-purchasing-property/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

